# တိုက်ပွဲသတင်း ထုတ်ပြန်ခြင်း

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ ဇွန်လ (၂၉) ရက်

Chin Ramkulh, Falam Peng sungah 2021 June 29 Ni, zinglam 7:30 ihsi thokin Tualthat Acozah ralkap pawl le CNDF karlak ah nahzi 2 sung hrawng kahawknak a thlengih, Tualthat Acozah ralkap lam in a malbik mi 20 an thi ih, tam nawn in hriamhma an tuar a si. Kanmah CNDF lam cun miralṭha ralkap 4 in ram le miphun hrang nunnak an hlanih mi 3 in thlaphan um lomi hriamhma an ngah a si.

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်း ၂၀၂၁ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ မနက် ၇:၃၀ အချိန်မှစတင်ကာ အကြမ်းဖက်စစ်ကောင်စီတပ်နှင့် မိမိတို့ Chin National Defense Force (CNDF) တို့အကြား (၂) နာရီခန့် ပစ်ခတ်မှုများ ဖြစ်ပွါးခဲ့ရာ အကြမ်းဖက်စစ်ကောင်စီတပ်မှ အနည်းဆုံး (၂၀) ဦး သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း သိရှိရပြီး မိမိတို့ CNDF မှ (၄) ဦးကျဆုံး၍ မစိုးရိမ်ရသည့် အခြေအနေဖြင့် ထိခိုက်ဒဏ်ရာ ရရှိသူ (၃)ဦး ရှိခဲ့ပါသည်။

Tualthat Acozah ralkap pawl in CNDF pawl kan thlennak hmun pakhat ah in kap dingin ralthuam tum pawl nasa takih hmangin, in ra nawrmi cu mah le mah humhim-aw dingin CNDF lamin kan rak kap ve mi a si. Mizan sun lamah Tualthat Acozah ralkap pawl in Falam Peng sungih khuate hrekkhat ah lutin ṭilva pawl hranhram ih longin an ei sak hleiah, inn hrekkhat tla an siatsuah a si.

ဖြစ်စဉ်မှာ အကြမ်းဖက်စစ်ကောင်စီတပ်မှ မိမိတို့ CNDF ရောက်ရှိနေသည့် နေရာတခုကို ထိုးစစ်ဆင်ရန် အင်အားအများအပြားဖြင့် လက်နက်ကြီးများ အလွန်အကျွံ အသုံးပြုကာ ကျူးကျော်ဝင်ရောက်လာသည်ကို ခုခံကာကွယ် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယမန်နေ့များတွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ချို့၌ ဝင်ရောက်ပြီး အိမ်မွေးတရိစ္ဆာန်များ အဓမ္မလုယူသတ်ဖြတ် စားသောက်ကာ နေအိမ်တစ်ချို့ ဖျက်စီးမှုများလည်း ကျူးလွန်ခဲ့ပါသည်။

Atufang ah Tualthat Acozah ralkap hrekkhat dungsip in kahawknak a dai hrih vek nan, kahawknak hi a luarkai vivo hrih thei ruangah tualsung mipi hnenih kan than duhmi cu ralring zetin thlaphang tuk lo tei' um dingin le CNDF ih kan dinsan cu Mipi humhim ding kan si vekin Mipi lam harsatnak thlen lo thei tawpih cangvaih vivo kan tum a si.

လက်တလောတွင် အကြမ်းဖက်စစ်သူပုန်တချို့ ဆုတ်ခွါသွားပြီး အခြေအနေ ယာယီငြိမ်သက်နေသေးသော်လည်း တိုက်ပွဲများ ဆက်လက်ပြင်းထန်လာနိုင်ဖွယ်ရှိသဖြင့် ဒေသခံပြည်သူများထံ အသိပေးလိုသည်မှာ လွန်စွာစိုးရိမ်ပူပန်ခြင်းမရှိပဲ သတိကြီးစွာ သွားလာနေထိုင်ကြရန်နှင့် မိမိတို့ CNDF ၏ မူလရပ်တည်ချက်ဖြစ်သည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် ပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရန် အတတ်နိုင်ဆုံး လှုပ်ရှားသွားမည်ဖြစ်သည်။

သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန

ချင်းအမျိုးသားအဖွဲ့ချုပ်